ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ မတ်လ ၁၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား၊ ဒုတိယပိုင်းတွင် -

(က) အပိုဒ် ၁၅၁၊ အပိုဒ် ၁၅၅၊ အပိုဒ် ၁၅၆ တို့၌ ပါရှိသော 'Council of People's Justices' ဆိုသည့်စကားရပ်ကို 'Supreme Court' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အပိုဒ် ၁၅၂၊ အပိုဒ် ၁၅၃ တို့၌ပါရှိသော 'Township Judges Committee' ဆိုသည့်စကားရပ်ကို 'District Court' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က၊ အပိုဒ် ၁၅၄ တို့၌ ပါရှိသော 'State or Divisional Judges Committee' ဆိုသည့်စကားရပ်ကို 'State or Divisional Court' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၁၅၁ ၏ 'Period of Limitation' စာတိုင်ရှိ 'Twenty days' ဆိုသည့် စကားရပ်ကို 'Thirty days' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ